# နီဂိုးရဲ့ပဏ္ဏာမလေလား

နအဖ ဘက်က သေနတ်သံ စထွက်ပါပြီ၊ အမြောက်သံလို့ ဆိုရင်လည်း ရပါလိမ့်မယ်။ သေချာတာကတော့ စစ်ကြေညာတာပါ။ သူတို့နဲ့မတူ သူမှန်သမျှကို၊ တပြည်လုံးကို စိန်ခေါ်လိုက်တာပါပဲ။

ဆက်တိုက်ထွက်လာတဲ့ စစ်အစိုးရရဲ့ရွေးကောက်ပွဲ ဥပဒေဆိုတာတွေဟာ ပစ်မှတ်ရှိရှိ၊ ဦးတည်ချက် ရှိရှိ ပစ်လိုက်တဲ့ ကျည်ဆံတွေ၊ ဗုံးဆံတွေသာ ဖြစ်ပါတယ်။ ဘယ်သူ့ကို ပစ်တာ၊ ဘယ်အဖွဲ့အစည်းကို ရည်ရွယ်တာ စတာတွေကို အထူးပြောနေစရာ မလိုတော့ပါဘူး။ နအဖ အလိုတော်ရိတွေကိုတောင် ဆွံ့အ သွားစေလောက်အောင် ထင်ရှားလှတဲ့ ထိုးနက်ချက်ဖြစ်ပါတယ်။

ထောင်ထဲကို ရောက်နေတဲ့လူတွေ နိုင်ငံရေးပါတီထဲမှာ ပါဝင်ခွင့် မရှိဘူးဆိုတာဟာ အတိုက်အခံတွေကို ဦးတည်တယ်ဆိုတာ ရှင်းနေပါတယ်။ ဗမာပြည်မှာ ဥပဒေသာတွင်းမှာ နိုင်ငံရေးလုပ်လို့ အစိုးရက ဖမ်းဆီးတယ်၊ အပြစ်ချတယ်ဆိုတာ ဘာမှမဆန်းတဲ့ ကိစ္စပါ။ အခု နအဖရဲ့ဥပဒေအရ လူတယောက်ဟာ ထောင်ကျခံလိုက်ရတာနဲ့တပြိုင်နက် တရားဝင်နိုင်ငံရေး လောကရဲ့အပြင်ဘက်ကို ရောက်သွားပြီဆိုတဲ့ အဖြစ်ကို ရောက်သွားတော့မှာပါ။ ဒါဟာ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို သွေးခွဲတာ၊ အားနည်းအောင် လုပ်တာ။ ဖျက်ဆီးတာ သက်သက်လို့ ဆိုနိုင်ပါတယ်။ တခြားပါတီများရဲ့ အတွင်းရေးကို ဝင်စွက်တာလို့ ပြောရင်လည်း ရပါတယ်။ ဒီလို အပြစ်ဒဏ် ကျခံနေရသူတွေ ပါတီဝင်ခွင့် မရှိဘူးဆိုတဲ့ ဥပဒေမျိုးဟာ အရင်က ဗမာပြည်မှာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး၊ ကိုလိုနီခေတ်တုန်းကတောင် မရှိပါဘူး။ ဖဆပလ လက်ထက်တုန်းကတော့ ထောင်ထဲကနေပြီးတော့ လွှတ်တော်အမတ် ဝင် အရွေးခံခဲ့တာတွေတောင် ရှိပါတယ်။ အဲဒီလိုနဲ့ပဲ ရွေးကောက်ပွဲမှာ အနိုင်ရပြီး အမတ်ဖြစ်လာခဲ့တဲ့ အတိုက်အခံ အမတ်တွေ အတော်များများ ရှိခဲ့ပါတယ်။ ကွယ်လွန်သူ ကဗျာဆရာကြီး ဦးတင်မိုးရဲ့ငယ်သူငယ်ချင်း ရေစကြိုက ကျောင်းသားအမတ် ကိုကျော်ဟာ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲမှာ ထောင်ထဲကနေ အရွေးခံပြီး အမတ်ဖြစ်ခဲ့သူ တဦး ဖြစ်ပါတယ်။ သူဟာ ၁၉၆၉ ခုနှစ်မှာ ကိုကိုးကျွန်းကို အပို့ခံခဲ့ရပါတယ်။

တဆက်ထဲမှာ ဒီချုပ်အခက် ဒို့အကွက်ဆိုပြီး ခေတ်ပျက်အမတ် လုပ်ချင်ကြတဲ့လူတွေ သတိထားသင့်တဲ့ အချက်တခု ထောက်ပြလိုပါတယ်။ ဗမာပြည် သမိုင်းမှာ ကိုလိုနီခေတ် မင်းတိုင်ပင်အမတ်က စလို့ မဆလ ခေတ်အထိ အမတ်ဖြစ်ခဲ့သူတွေ အမျိုးမျိုး ရှိခဲ့ပါတယ်။ အဲဒီအထဲမှာ ဂုဏ်သရေ တကယ်ရှိခဲ့၊ ကိုယ်တိုင်က တကယ် ဂုဏ်ယူနိုင်ခဲ့တဲ့အမတ်မျိုးဟာ အများက အသိအမှတ်ပြုတဲ့ ရွေးကောက်ပွဲမှာ တင်မြှောက်ခံရတဲ့အမတ်တွေသာ ဖြစ်တယ်ဆိုတာ မမေ့သင့်ပါဘူး။ အထူးသဖြင့် အာဏာရ အစိုးရရဲ့ နည်းမျိုးစုံ ညစ်ပတ်၊ ဖိနှိပ်မှုတွေ အကြားက အမတ်ဖြစ်လာသူတွေကို ပြည်သူတွေက သတိရနေကြပါတယ်။ မဆလ ခေတ်က အမတ်ဖြစ်ခဲ့သူတွေဟာ သူတို့ နာမည်နောက်မှာ မဆလ လွှတ်တော် ကိုယ်စားလှယ်ဆိုတဲ့ ဂုဏ်ပုဒ်ကို အသားယူ တွဲချိတ်ကြလေ့ မရှိသလောက်ပဲဆိုတာ မမေ့သင့်ပါဘူး။ ဒီတခါ နအဖရဲ့ရွေးကောက်ပွဲမှာ အမတ်ဖြစ်လာရင်လည်း နောင်မှာ ကိုယ့်ဟာကိုယ်ရှက်နေရမယ့် အဖြစ်နဲ့ကြုံရနိုင်ပါတယ်။

နအဖဟာ သူတို့ သက်တမ်းတလျှောက်မှာ သူတို့နဲ့မတူ သူတွေကို စံကျတဲ့ သွေးခွဲနည်းတွေနဲ့ သွေးခွဲရင်ဆိုင်နေခဲ့တာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲက 'တတ်သိ'အစုတွေကို ဖမ်းဆီးတဲ့နည်းနဲ့ အဖွဲ့ချုပ်ထဲက ခွဲထုတ်ခဲ့သလို ငြိမ်း အဖွဲ့တွေကိုလည်း ခွဲလိုက်တာမှ အစိတ်စိတ် အမွှာမွှာ ဖြစ်ကုန်တဲ့ အထိပါပဲ။ အခုလည်းပဲ ဘာရည်ရွယ်ချက်နဲ့လုပ်တာဆိုတာ ကလေးတောင် သိပါတယ်။ ဒီလို အနေအထားအောက်မှာ ဗိုလ်ချုပ်တွေဟာ "ဘော့လုံးဟာ တဖက်ကွင်းထဲရောက်နေပြီ"လို့ပြောပြီး ဒူးနန့် နေကောင်း နေပါလိမ့်မယ်။

ဒီဥပဒေတွေဟာ နအဖ အစိုးရက ဖန်တီးထားတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်အောင်ကြည်တို့ရဲ့"စကားပြောပွဲ"ရဲ့ရလာဒ်လားလို့ မေးလိုက်ဖို့ ကောင်းပါတယ်။ နအဖ ဗိုလ်ချုပ်တွေရဲ့မရိုးသားမှု၊ စဉ်းလဲမှုတွေကို တခါထပ်တွေ့ရတာ

ပဲလို့ ပြောရမှာပါ။ ဗမာပြည်သားတွေရဲ့ အမျိုးသား ရင်ကြားစေ့ရေးကို မြင်လိုမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွှေဂုံတိုင်ကြေညာချက်အပေါ် အားတက်နေမှု၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဗိုလ်သန်းရွှေထံပေးစာကို ဘယ်လိုအကြောင်းပြန်မလဲလို့ သိချင်နေကြတဲ့ မျှော်လင့်မှု၊ ဒါတွေ အားလုံးကို နအဖ က အခု တချီတည်းနဲ့အပြတ် အဖြေပေးလိုက်တယ်လို့ ဆိုနိုင်ပါတယ်။

ဗမာနိုင်ငံမှာ စစ်အုပ်စုရယ်လို့ စဖြစ်ပေါ်လာ ကတည်းက ဒင်းတို့ဟာ လက်နက်ကိုင်တပ် အားကိုးရှိနေတော့ ဘယ်တုန်းကမှ တဘက်သားနဲ့ စေ့စပ်တယ်လို့ မလုပ်ခဲ့ပါဘူး။ စေ့စပ်တယ်ဆိုတဲ့ အသုံးအနှုန်းတွေ၊ ဝါဒဖြန့်တာတွေကို အသုံးပြုခဲ့ပေမဲ့ လက်တွေ့ကျတော့ တဘက်သားကို လက်နက်ချခိုင်းတာချည်းပဲ ဖြစ်ပါတယ်။ ဒီနေ့ ငြိမ်းအဖွဲ့တွေနဲ့ မပြေမလည် ဖြစ်နေတာရဲ့ အဓိက  အကြောင်းရင်းဟာလည်း ဒါကြောင့်ပဲ ဖြစ်ပါတယ်။ အခု ဒီရွေးကောက်ပွဲကို အဲဒီမူအတိုင်းပဲ ထပ်လုပ်မှာ ဖြစ်တဲ့အတွက် သူတို့ဆီကို လက်နက် အကြိမ်ကြိမ် ချနေသူတွေ၊ သူတို့ပြောသမျှ လက်ခံတယ်ဆိုတဲ့ လူတွေသာ ဒီအစီအစဉ်ကို ထောက်ခံပြီး ကျန်တဲ့ ကိုယ့်သိက္ခာ ကိုယ်တန်ဘိုးထားသူ မှန်သမျှက လက်မခံနိုင် ဖြစ်နေတာပါ။ ၁၉၉၈ ခု တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမတ်များက ရက်ပေါင်း၆၀အတွင်း လွှတ်တော်ခေါ်ပေးဖို့ပြောတော့ နအဖ က လူတွေ အများကြီး ဖမ်းဆီးခဲ့တာကို ပြန်ပြီး စဉ်းစားကြည့်ပါ။ အခုတော့ သူတို့က အဖွဲ့ချုပ်ကို ရက် ၆၀ သတ်မှတ်ပေးပြီး မှတ်ပုံတင်ခိုင်းနေပြီ မဟုတ်လား။ ဒါနဲ့ တဆက်တည်း ငြိမ်းအဖွဲ့တွေကိုလည်း နောက်ဆုံးရက် သတ်မှတ်ချက်တွေနဲ့ချည်းတောင်းဆိုနေတာနဲ့ တွဲကြည့်လိုက်ရင် စစ်အစိုးရဟာ နိုင်ငံရေးမှာလည်း အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်တွေကို လက်နက်ပြပြီး ဓားပြတိုက်သလိုသာ လုပ်တယ်ဆိုတာကို ထပ်တွေ့ရပါမယ်။

နအဖရဲ့ဒီခြေလှမ်းဟာ အထက်မှာပြောခဲ့သလို အတိုက်အခံတွေနဲ့၊ ပြည်သူလူထုကို အဖြေပေး ကြေညာလိုက်တာ ဖြစ်ရုံသာမက နိုင်ငံတကာရဲ့သဘောထား အမျိုးမျိုးကိုလည်း တပါတည်းအပြတ် တုန့်ပြန်ပြလိုက်တာ ဖြစ်ပါတယ်။ “နအဖ လေးကို ပစ်မထားကြပါနဲ့၊ ဆက်ဆံကြည့်ကြပါ”လို့ ပြောနေသူတွေ၊ “နည်းနာသစ်နဲ့ ချဉ်းကပ်မယ်”လို့ဆိုသူတွေ၊ “အပြင်မှာ မထားနဲ့ အထဲကိုသွင်းပြီး ပြောင်းလဲယူရမယ်”လို့ ဆိုတဲ့သူတွေ- အားလုံးကို အခု နအဖ က အဖြေပေးလိုက်ပြီ မဟုတ်လား။ နအဖ ဆိုတာ နအဖ ပဲ။ စစ်အာဏာရှင်ဆိုတာ စစ် အာဏာရှင်ပဲ ဖြစ်ကြောင်း ထပ်ပြလိုက်ပြန်ပါပြီ။

ဒီတော့ ဒီတပွဲမှာလည်း သေနတ်သံ စထွက်တာဟာ နအဖ ဘက်က ဖြစ်တယ်ဆိုတာကို မှတ်တမ်းတင်ဖြစ်အောင်တင်ရပါမယ်။ နောက်ဆက်တွဲ ဖြစ်လာမဲ့ တင်းမာမှုတွေဟာ ဒီသေနတ်သံကြောင့် ဖြစ်လာတာတွေလို့ ဆိုရမှာပါ။ တကယ်လို့သာ နအဖ ဘက်ကသာ ငြိမ်းချမ်းရေး တေးသံထွက်လာရင် ပိုမို စိမ်းလန်းစိုပြေတဲ့ အကျိုးဆက်ကိုမြင်ရနိုင်ပါတယ်။ အခုတော့ တိုင်းပြည်ရဲ့အလားအလာဟာ ဘာမဆို ဖြစ်လာနိုင်တယ်ဆိုတဲ့ အခြေအနေရောက်နေပါပြီ။ ဗမာပြည်မှာ နိုင်ငံရေး တင်းမာမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖန်တီးတာလို့ဆိုနေတဲ့သူတွေ မှတ်ထားသင့်ပါတယ်။ အခု တင်းမာမှုအသစ် ထပ်ပေါ်လာပါပြီ။ လွယ်လွယ်နဲ့ ပြေလည်စရာ အကြောင်းမရှိဘူးလို့ ဆိုနိုင်ပါတယ်။

နအဖရဲ့ အစဉ်အလာ လုပ်ထုံးလုပ်နည်းကို ပြန်ကြည့်ရင် အခုအခါ သူတို့ဘက်က အကုန်လုံး အသင့်ပြင်ပြီးသားလို့ ယူဆစရာ ရှိပါတယ်။ ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲတယ်ဆိုပြီး နိုင်ငံပိုင် ပစ္စည်းတွေကို ထုခွဲနေတာတွေကိုက အဲဒီလို ပြင်ဆင်မှုတွေထဲက တခုလို့ ဆိုရင် မမှားပါဘူး။ ဖောင်ဖျက်တယ်လို့ ပြောရင်တောင် ရမလားပါပဲ။ ရေဒီယိုတွေ၊ သတင်းဌာနတွေရဲ့အဆိုအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားနိုင်ငံရေးအင်အားစုတွေလည်း အသီးသီးပြင်ဆင်နေရတယ် ဆိုတာတွေ့ရပါတယ်။ တောင်စွယ် နေမကွယ်မီ ရင်ဆိုင်ကြတော့မှာပါ။

ဒါဟာ နိဂုံးရဲ့အစတောင်ဖြစ်သွားနိုင်ပါတယ်။

ရဲဘော်ဖိုးသံချောင်း